



နိဒါန်း

# ပြည်သူတို့၏ အခြေခံရပိုင်ခွင့်များ

*ဤသစ္စာတရားများသည် အထင်အရှား ရှိနေကြသည်ဟု ကျွန်ုပ်တို့ခံယူထားသည်။ ယင်းတို့မှာ လူသားတိုင်းသည် တူညီကြသည်။ လူသားတို့အား ဖန်ဆင်း လိုက်သော ဘုရားသခင်က ကွဲပြား ခြားနားခြင်းမရှိ၊ တစ်မျိုးတစ်စားတည်းသော အခွင့်အရေး များကို ပေးသနားတော်မူလိုက်သည်။ ယင်း အခွင့်အရေးများမှာ အသက်ရှင် ရပ်တည်မှု၊ လွတ်လပ်မှုနှင့် ပျော်ရွှင် ချမ်းမြေ့မှုတို့ပင်ဖြစ်သည်။ ဤအခွင့် အရေးများ ရရှိရန် လူတို့သည် အစိုးရအဖွဲ့အစည်းများကို ဖွဲ့စည်းကြသည်။ ယင်းသို့ ဖွဲ့စည်းရာ၌ အုပ်ချုပ်ခံလူတန်းစားက အုပ်ချုပ်သူအစိုးရအဖွဲ့အစည်းအား တရားမျှတသော တန်ခိုး အာဏာများ ပေးအပ်လိုက်ကြသည်။*

–အမေရိကန်ပြည်ထောင်စု
လွတ်လပ်ရေးကြေညာစာတမ်း

လွတ်လပ်ရေးကြေညာစာတမ်းပါ အထက်ပါစာသားများသည် အမေရိကန်ပြည်သူများအတွက် တကယ်ပင် လေးနက်ပါသည်။ ယင်းသည် လွတ်လပ်မှု၏ ပြယုဂ်တစ်ခုဖြစ်သည်။ သည်စာသားကို ဇူလိုင်လေးရက် လွတ်လပ်ရေးနေ့ အခမ်းအနားတွင် ရွတ်ဆိုလေ့ရှိသည်။ ကျောင်းများတွင်လည်း အစဉ်အဆက် ရွတ်ဆိုကြရသည်။ ပါတီအားလုံးမှ နိုင်ငံရေးသမားများကလည်း သည်စာသားများကို အမြဲပင် ကိုးကားကြသည်။ တရားရုံးတော်များတွင်လည်း စီရင်ချက်များချမှတ်ရာ၌ သည်စာသားများကိုပင် တိုင်တည်ရွတ်ဆိုကြသည်။

အထက်ပါစာသား၏ ဆိုလိုရင်းမှာ အရပ်သားအစိုးရအဖွဲ့ ဖွဲ့စည်း တည်ထောင်ရာတွင် ပြည်သူများ၏ ရပိုင်ခွင့်များကို ကာကွယ်စောင့်ရှောက်ရေးသည် မူလကပင် တည်ရှိနေသော အကြောင်းတရားဖြစ်ပြီး တော်တည့်မှန်ကန်မှုလည်းရှိသည်ဟူ၍ ဖြစ်ပါသည်။ ပြည်သူလူထုဟူသည် အစိုးရအဖွဲ့အား အလုပ်အကျွေးပြုရန် မဟုတ်ချေ။ စင်စစ် အစိုးရဟူသည် ပြည်သူလူထုနှင့် ၎င်းတို့၏ ရပိုင်ခွင့်များအား ကာကွယ်စောင့်ရှောက်ပေးရန်သာ ဖြစ်သည်။ သည်သဘောတရားမှာ ၁၇၇၆ ခုနှစ်တွင် ပထမဦးဆုံးအကြိမ်အဖြစ် ဖော်ထုတ်တင်ပြခဲ့သော တော်လှန်ရေးအတွေးအခေါ်တစ်ရပ်ပင်ဖြစ်ပါသည်။

## *လော့ဒ်ဂျွန်အက်တန်၊ လွတ်လပ်မှုသမိုင်းနှင့် အခြား အက်ဆေးများ (၁၉၀၇)*

*လွတ်လပ်မှုဟူသည် ပိုမိုကောင်းမွန်သော နိုင်ငံရေးပန်းတိုင်ဆီသို့ ရောက်ရှိစေနိုင်မည့်နည်းလမ်းတစ်ရပ် မဟုတ်ချေ။ လွတ်လပ်မှုကိုယ်၌ကပင် အကောင်းမွန်ဆုံးသောနိုင်ငံရေး ပန်းတိုင်တစ်ရပ် ဖြစ်နေပေသည်။*

အဆိုပါ အခြေခံရပိုင်ခွင့်များသည် အရေးကြီးပုံ၊ ၎င်းတို့အချင်းချင်း ယှက်နွယ်ဆက်စပ်နေပုံနှင့် အချိန်ကာလကြာမြင့်လာသည်နှင့်အမျှ အဆိုပါ ရပိုင်ခွင့်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များပြောင်းလဲလာရပုံများကို အောက်တွင် ဖော်ပြမည့် အက်ဆေးများ၌ ကြိုးစားပြီး ရှင်းပြထားပါသည်။ ကျွန်ုပ်တို့သည် ၁၈ ရာစုခေတ်ကမ္ဘာကြီးတွင် နေထိုင်ကြခြင်းမဟုတ်ဘဲ ၂၁ ရာစုခေတ်ကြီးတွင် နေထိုင်နေကြခြင်းဖြစ်ပါသည်။ သည်ခေတ်ကြီးမှာပင် အမေရိကန်ပြည်ထောင်စုကြီးကို တည်ထောင်သွားခဲ့သူများ၏ ဝိညာဉ်များက ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပါ ပြည်သူတို့၏ အခြေခံရပိုင်ခွင့်များကို ကျွန်ုပ်တို့အနေဖြင့် ဆက်လက်ကာကွယ်စောင့်ရှောက်သွားရန် တွန်းအားပေးနေဆဲ ဖြစ်ပါသည်။ အဆိုပါ စိတ်ဓာတ်ကို အမေရိကန်မျိုးဆက်တိုင်းကပင် ပြန်ပြီး နှလုံးသွင်းကြရပေမည်။ ထို့ပြင် သည်ရပိုင်ခွင့်များ၏ အကျိုးတရားများကို နားလည်ခံစားနိုင်ရန် အလို့ငှာ ယင်းတို့၏ အဓိပ္ပာယ်များကိုလည်း ပြန်ဆိုကြရပေမည်။

ဖိလာဒဲလ်ဖီးယားညီလာခံကြီး ပြီးလျှင်ပြီးချင်း ၁၇၈၇ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေ မူကြမ်းတစ်စောင်ကို ဂျိမ်း မယ်ဒီဆင်က သူ့မိတ်ဆွေနှင့် အကြံဉာဏ်များပေးနေသူ သောမတ်ဂျက်ဖာဆင်ထံ ပေးပို့လိုက်သည်။ ဂျက်ဖာဆင်မှာ ထိုစဉ်က ပြင်သစ်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး ဖြစ်နေသည်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ တစ်ခုလုံးကို ခြုံ၍ ပြောရမည်ဆိုလျှင်မူ မိမိကြိုက်နှစ်သက်ပါကြောင်း၊ သို့သော် အရေးကြီးသော အားနည်းချက်ကြီး တစ်ခုကိုတော့ တွေ့ရကြောင်း၊ ယင်းမှာ ပြည်သူများ၏ အခြေခံရပိုင်ခွင့်များ မပါရှိခြင်းပင်ဖြစ်ကြောင်း ဂျက်ဖာဆင်က ပြန်ကြားခဲ့လေသည်။ ထိုရပိုင်ခွင့်များ ဆိုသည်မှာ "ကမ္ဘာမြေပေါ်ရှိ မည်သည့်အစိုးရကိုမဆို ပြည်သူများက ဆန့်ကျင်ကန့်ကွက်ပိုင်ခွင့်ရှိသည်" ဆိုခြင်းပင်ဖြစ်ကြောင်း ဂျက်ဖာဆင်က ရှင်းပြခဲ့ပါသည်။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမူကြမ်းကို ရေးဆွဲခဲ့သူများက ဂျက်ဖာဆင်၏ ထင်မြင်ချက်အပေါ် တအံ့တသြဖြစ်ခဲ့ကြသည်။ သူတို့စိတ်ထဲတွင် အစိုးရအဖွဲ့သစ်၏ တန်ခိုးအာဏာများကို တားဆီးကန့်သတ်ထားပြီး ဖြစ်ရာ ပြည်သူတို့၏ အခြေခံရပိုင်ခွင့်များအားလုံး ပြည့်စုံနေပြီဟု ယူဆထားကြသည်။ ထို့ကြောင့် ဥပမာအားဖြင့် ကွန်ဂရက်လွှတ်တော်အား သီးခြားဘာသာရေးဘုရားကျောင်းတည်ထောင်ရန် အခွင့်အာဏာပေးမထားသဖြင့် ကွန်ဂရက်လွှတ်တော် အနေဖြင့် ထိုကဲ့သို့ လုပ်ဆောင်နိုင်ခြင်းမရှိ ဟူသော အချက်မျိုး ဖြစ်ပါသည်။

သို့သော် လွတ်လပ်ရေးကြေညာစာတမ်း၏ လက်ရာရှင် ဂျက်ဖာဆင်က တစ်မျိုးတွေးသည်။ အတိတ်ဖြစ်စဉ်များတွင် အစိုးရများသည် ၎င်းတို့လုပ်ပိုင်ခွင့်မရှိသော ကိစ္စရပ်များကို မကြာခဏပင် ဘောင်ကျော် လုပ်ဆောင်ခဲ့ကြသည်။ ထိုအခါ ရလဒ်သည်ကား လူတစ်ဦးချင်းစီ၏ ရပိုင်ခွင့်များ ပျက်စီးဆုံးရှုံးရခြင်းပင် ဖြစ်တော့သည်။ အခွင့်အာဏာများကို ကန့်သတ်ထားပါသည် ဆိုခြင်းကို ယုံကြည်စိတ်ချမှု မရှိပါနှင့်၊ ပြည်သူတို့၏ ရပိုင်ခွင့်များကို ရှင်းလင်းစွာ ထည့်သွင်းဖော်ပြပေးပါဟူ၍ ဂျက်ဖာဆင်က တိုက်တွန်းခဲ့ပါသည်။ သို့မှသာ မည်သည့်အစိုးရမှ ပြည်သူအပေါ် နိုင်လိုမင်းထက် ပြုကျင့်၍ ရနိုင်တော့မည်မဟုတ်ဟု ဆိုပါသည်။ ဂျက်ဖာဆင်၏ ထိုအမြင်ကို ပြည်သူအများက လက်ခံသဘောတူခဲ့ကြပါသည်။ ထို့ကြောင့် ပြည်နယ်အများစုက ပြည်သူအများ၏ အခြေခံရပိုင်ခွင့်များဥပဒေကို ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေထဲတွင် ထပ်ဖြည့်ခဲ့ကြခြင်းဖြစ်ပါသည်။

ပထမဦးဆုံး ကွန်ဂရက်လွှတ်တော်တွင် ထိုကဲ့သို့သော ဥပဒေကို မယ်ဒီဆင်က ဦးဆောင်ရေးဆွဲခဲ့သည်။ ၁၇၉၁ ခုနှစ်တွင် အမေရိကန်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၏ ပထမပြင်ဆင်ချက် ၁၀ ချက်ကို ပြည်နယ်များက အသိအမှတ်ပြုခဲ့ကြပါသည်။ ထိုပြင်ဆင်ချက်များကို ပြည်သူ့ အခြေခံရပိုင်ခွင့်များဥပဒေဟု ခေါ်တွင်ခဲ့ကြသည်။ နောက်ပိုင်းတွင် ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေဆိုင်ရာ ပြည်သူတို့၏ ရပိုင်ခွင့်များကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် နောက်ထပ်ပြင်ဆင်ချက် ဥပဒေများကိုလည်း ထပ်မံပြဋ္ဌာန်းခဲ့လေသည်။ ●

*Melvin Urofsky* ၏ ***Rights of the People*** မှ
*ကောက်နုတ်ပြန်ဆိုပါသည်။*